# လောဘပင်လယ်ထဲက သောကလှေငယ်လေးများ

နုနုနိုင်(သထုံ)



## လောဘပင်လယ်ထဲက သောကလှေငယ်လေးများ

လက်လုပ်လက်စား ဆင်းရဲသား အများ စုနေ ထိုင်ရာအရပ်ဖြစ်၍ မနက်၄နာရီဆိုကတည်းက တစ်နေ့တာ လှုပ်ရှားရုန်းကန်ဖို့ အရေး နိဒါန်းပျိုးနေကြသည် မှာ နိစ္စဓူဝဖြစ်နေလေသည် ။ ဝီရိယအကျိုး စောစောနိုးမှ တစ်နေ့တာ အလုပ်လုပ်ကိုင်၍ အဆင်ပြေမည်။ တစ်နေ့လုပ်မှ လည်းတစ်နေ့စားကြမည့် အခြေခံလူတန်းစားတွေမို့ ငွေကြေးပြည့်စုံသူ လူကုံထံတွေလို ဇိမ်နှင့် နှပ်မနေနိုင်ကြပေ။

ထိုရပ်ကွက်၊ ထိုလူတန်းစားထဲတွင် အေးခိုင်တို့ မိသားစုလည်း တစ်စုအပါအဝင် ဖြစ်သည် ။ အများ နည်းတူ သူတို့ မိသားစုသည် လည်း ကြက်တွန်သံတွေ မင်းမူနေသည့် မိုးသောက်ယံ အခင်းအကျင်းကာလ မနက်အစောကြီး အမေက ဈေးရောင်းဖို့ ပြင်ဆင်နေပြီ။ အေးခိုင် မထချင်ဘဲ လူးလဲထလိုက်သည် ။ အိပ်ရာမထမချင်း အမေကနှိုးနေဦးမှာ ဖြစ်သည် ။ ညက သူငယ်ချင်းဘုတ်ဘုတ်ခေါ်၍ သူတို့ အိမ်မှာ အခွေသွားကြည့်ကောင်းခဲ့၍ တော်တော်ညဥ့်နက်သွားသည် ။ အိပ်ရေးမဝပေမယ့် စက်ဘီးတစ်စီးနှင့် အမေဈေးရောင်းထွက်သွားလျှင် အေးခိုင်တာဝန်မှာ အိမ်မှာ ထင်းခွဲပြီး အဝတ်လျှော်ရဦးမည်။ အဖေကွယ်လွန်ပြီးနောက်ပိုင်း အမေက သားသမီးသုံးယောက်ကို ရှာစဉ်လှည့်လည်၍ ဈေးရောင်းကျွေးခဲ့သည် ။ စားအိုးနှင့် ဝင်ငွေမညီမျှသောအခါ အမေ့အကြွေးများကား ဘူးလေးရာ ဖရုံဆင့်ဆိုသလို ပိသထက်ပိလာသည် ။ အေးခိုင်အစ်မကလည်း အိမ်ထောင်ကျပြီး မိဘကိုမကူညီတော့ အမေတ

စ်ယောက် သူ့စီးတော်ယာဥ် စက်ဘီးပေါ်ကမဆင်းရသေး။ အဖေမရှိ တော့သည့် နောက်ပိုင်း အမေတစ်ယောက်တည်း ရုန်းကန်ခဲ့ရသည် မှာ ပင်ပန်းသည့် ဒဏ်၊ လောကဓံ၏ အထုအထောင်းဒဏ်ကြောင့် အသက် လေးဆယ်ကျော်နှင့် မလိုက်အောင် စိတ်ထောင်းကိုယ်ကြေ နဂိုရည်အ လှပျောက်ကာ အိုစာကျသွားလေပြီ။

သည် ကြားထဲ မကြီးအေးအေးမော်က မိသားစုကိုကူညီမည့် စိတ်မ ရှိဘဲ ချစ်သူနှင့် ခိုးရာ လိုက်ပြေးသွားသည် ။ ယခုချိန် ရန်ကုန်မြို့ကြီးမှာ ဘာများ လုပ်ကိုင်စားနေသည် မသိ။ အမေနှင့် မွေးချင်းအတွေအပေါ် ပြ န်ထောက်ပံ့ဖို့ ဝေး...လာတောင် မတွေ့ဘူးပါ။ မမကြီးအဖြစ်က ရန်ကုန် မြို့မှာ အိမ်ဖော်သွားလုပ်ရင်း ယောကျာ်းနောက် လိုက်ပြေးခြင်း ဖြစ်သ ည် ။ တစ်ကြိမ်ပဲ အဆက်အသွယ်ရသည် ။ နောက်ထပ်ဆက်သွယ်ခြင်းမ ရှိ၍ ပူပန်နေသည် မှာ ဆိုဖွယ်ရာမရှိတော့ပါ။

အမေက နံနက်စောစော အေးခိုင်နှင့် မောင်လေးစားဖို့ ထမင်းဟင်း ချက်ထားပြီးဖြစ်သည် ။ ကျောင်းနေသောမောင်လေးအတွက် ထမင်းချို င့်အဆင်သင့် ထည့်ထားပေးပြီ။ အေးခိုင်က မောင်လေးကျောင်းသွားပြီး လျှင် အဝတ်လျှော်၊ အိမ်နီးချင်းဖြစ်သူ စံပယ်ထွေးနှင့် စကားပြော၊ သည် လိုနှင့် တစ်နေ့တာ ကုန်ဆုံးသွားရစမြဲဖြစ်သည် ။ အမေဈေးရောင်းပြန် လာချိန်သည် အစောဆုံးညနေငါးနာရီဖြစ်သည် ။ ခေါက်ပြန်ပေးယူသွား သော ကုန်ပစ္စည်းများက ကုန်သည့် အခါရှိသလို မကုန်သည် လည်း ရှိ သည် ။ လက်ကျန်နည်းလျှင် နောက်နေ့ငွေရှင်းရင်း ပစ္စည်းသစ်များ နှင့် ထပ်ရောင်းရသည် ။ အမြတ်အစွန်းမှာ စားရရုံပဲရှိ၏။ ကြာလာသောအခါ အမေတစ်ယောက် စိတ်သွားတိုင်းကိုယ်မပါ ဖြစ်လာ သည် ။ ရှေ့နှစ်ခါ အမေကအေးခိုင်ကိုပါ ဈေးရောင်းသင်ပေးမည်ဟု ပြောသည် ။

“သမီးရေ...အေးခိုင်”

ခေါ်သံနှင့် အတူ စက်ဘီးဘဲလ်တီးသံကြောင့် အမေပြန် လာပြီဆိုတာ အတပ်သိလိုက်၍ အေးခိုင်အိမ်ရှေ့ထွက်ကြည့်လိုက်ချိန် အမေက ဧည့်သည် အမျိုးသမီးတစ်ယောက်နှင့် အတူ အိမ်ထဲဝင်လာသည် ။

“သမီး..ဘာချက်ထားလဲ”

အမေက ရောက်ရောက်ချင်းမေးသည် ။ ဟင်းချက်စရာမရှိ၍ ထမင်းတစ်အိုးသာ ချက်ရသေးသည် ။ မရှိမှန်းသိသိကြီးနှင့် အမေမေးသဖြင့် အေးခိုင်စိတ်တိုသွားသည် ။ ဆောင့်ဆောင့် အောင့်အောင့်နှင့် ပင် အရှိအတိုင်းပြောလိုက်၏။

“ဘာမှ မရှိဘူးအမေ။ ဘဲဥတွေလည်း ရောင်းဖို့ ယူသွားတော့ ငါးပိရည်တစ်အိုးပဲ ကျိုထားတယ်”

“အဲဒါပဲ ကြည့်တော့ နော်ထူးရေ...၊ ကျုပ်တို့ ဆင်းရဲချက်က ကမ်းကုန်တယ်”

ဧည့်သည် အမျိုးသမီးက အေးခိုင်ကို စူးစူးစိုက်စိုက်ကြည့်ရင်း

“မပုတင်သမီးက ညိုချောလေးပဲ။ အသက်ဆယ့်လေးနှစ်သာဆိုတယ်၊ ထွားထွားကျိုင်းကျိုင်းနဲ့ အပျိုလေးပုံပေါက်နေပြီ။ ဩော်...သမီး ဟင်း မရှိရင် ဒီနားမှာ ဟင်းဆိုင်ရှိတယ် မဟုတ်လား။ ဒေါ်ကြီးဆီက ပိုက်ဆံယူပြီး သမီးကြိုက်တဲ့ ဟင်း သုံးပွဲလောက်ဝယ်ခဲ့နော်။ ဒေါ်ကြီးလည်း ကြုံတုန်း ဝင်စားမှာ လေ...။ ရော့...ပိုက်ဆံ”

ဧည့်သည် အဒေါ်ကြီးက ငွေသုံးထောင်ထုတ်ပေးသဖြင့် အေးခိုင်ပျော်ရွှင်သွားသည် ။ ခုတလော အသားဟင်းမစားရတာကြာပြီ။ ကြက်သားဝက်သားတွေကို မေ့သလောက်ဖြစ်နေပေသည် ။

ဟင်းရောင်းသည့် ဒေါ်တုတ်ဆိုင်မှာ စားချင်သောဟင်းများ ဝယ်မည်ဟု စိတ်ကူးကာ ကလေးပီပီ ပျော်ရွှင်စွာထွက်လာရာ ဟင်းဆိုင်ကိုရောက်သွားတော့သည် ။

"အေးအေးခိုင်... ချဉ်ရည်ဟင်းလား"

နိစ္စဓူဝ မပြောင်းလဲ ဝယ်နေကျဟင်းကို သိနေ၍ အေးခိုင်ကိုမြင်မြင်ချင်း ဒေါ်တုတ်မေးသည် ။ အေးခိုင်တို့ ဘဝက ဟင်းမချက်သည့် နေ့များမှာ အခတ်မပါသော ပဲကုလားသီးစုံဟင်းနှစ်ရာဖိုးကို သားအမိ သုံးယောက်စားနေကျမို့ ဒေါ်တုတ် တန်းမေးမြန်းခြင်းဖြစ်သည် ။

" မဟုတ်ဘူး ဒေါ်ကြီး...ဒီနေ့တော့ ဒေါ်ကြီး အတွက်မှားသွားပြီ။ အိမ်မှာ အမေနဲ့ အတူ ဧည့်သည် ပါလာလို့ ဝက်သားတစ်ပွဲ၊ အမဲသားတစ်ပွဲ ၊ ငါးကြော်နှပ်နဲ့ သီးစုံချဉ်ရည်ဟင်း ထည့်ပေးပါ"

ဒေါ်တုတ်က အံ့သြဟန်ဖြင့် ပြုံးရင်း ဟင်းများ ထည့်ပေးသည် ။ အထွေအထူး မစပ်စုပေမယ့် အေးခိုင်ကိုတော့ အထူးအဆန်းလုပ် ကြည့်ရှုအကဲခတ်နေသည် ။ စုစုပေါင်း နှစ်ထောင်ကျ၍ ပိုနေသေးသဖြင့် ထမင်းစားပြီး ရေနွေးကြမ်းနှင့် တွဲဖက်သောက်ရန် လက်ဖက်သုပ်တစ်ပွဲဝယ်ပြီး ပြန်လာချိန် အမေနှင့် ဧည့်သည် အမျိုးသမီးက စကားလက်ဆုံကျနေကြသည် ။ အေးခိုင် အိမ်ထဲရောက် သောအခါ အမေတို့ လည်း စကားပြောရပ်ပြီး စားသောက်ဖို့ ပြင်ဆင်ကြသည် ။ စားသောက်ပြီး ရေနွေးကြမ်းနှင့် လက်ဖက်သုပ်စားနေခိုက် ဧည့်သည် အမျိုးသမီးကြီးက အေးခိုင်ကို တစိမ့်စိမ့်ကြည့်ရင်း

"မပုတင် ကျွန်မပြန်မယ်၊ မနက်ဖြန် လှိုင်သာယာသွားပြီး ပြန်လာရင် ကားလက်မှတ်ဖြတ်မယ်။ ရှင်တို့ အဆင်သင့် လုပ်ထားနော်"

နော်ထူးဆိုသော အမျိုးသမီးကြီးက အခြား ထွေထွေထူးထူးမပြော

ဘဲ စားသောက်နှုတ်ဆက်ပြီး ပြန်သွားသည် ။

"သမီး...ညည်းမောင်လေးလည်း ပြန်မလာသေးပါလား၊ ကလေးပြန်မလာခင် အမေသမီးကို ပြောပြဦးမယ်။ လာ အမေ့နားလာထိုင်"

အမေက ညင်သာတိုးလျစွာ ပြောသည့် အတွက် အေးခိုင်အံ့သြသွားသည် ။ အမေသည် သားသမီးအပေါ်တွင် မေတ္တာတရားကြီးမားသော်လည်း ပင်ပန်းကြီးစွာရုန်းကန်လွန်းရသဖြင့် အေးခိုင်တို့ မောင်နှမအပေါ် ကယုကယ ဆက်ဆံခြင်းမပြုခဲ့ဘူး။ အော်ကြီးဟစ်ကျယ်ဖြင့်သာ ပြောဆိုလုပ်ကိုင်တတ်သည် ။ ယခု ချိုသကာပျားရည်ကြောင့် အမေ့လေသံ ထူးခြားနေပါလား ဟူသော အတွေးနှင့် အတူ အေးခိုင်အမေ့နား ထိုင်လိုက်သည် ။

"ဘာပြောမလို့ လဲ အမေ"

အမေက ရီဝေသော မျက်လုံးများ ဖြင့် အေးခိုင်ကိုစိုက်ကြည့်ရင်း

"သမီးရေ...အမေတို့ တော့ ရှေ့လျှောက်အဆင်ပြေတော့မယ့် လက္ခဏာလို့ ပြောရမလိုပဲ။ ခုနလာတဲ့ နော်ထူးက သမီးကို ဒီမှာ ဆင်းဆင်းရဲရဲနေရတာထက် တရုတ်ပြည်မှာ ရှိတဲ့ စားသောက်ဆိုင်မှာ အလုပ်သွင်းပေးမယ်တဲ့ ။ စရိတ်ငြိမ်း တစ်လနှစ်သိန်းလောက်ရမယ်တဲ့ ၊ လုပ်မယ်ဆိုရင် တစ်ခါတည်း ငွေဆယ်သိန်းပေးမယ်တဲ့ သမီးရေ"

"ရှင်..."

အေးခိုင် အံ့သြသွားသည် ။ တရုတ်ပြည်သည် မြန်မာပြည်၏ အထူးသဖြင့် အေးခိုင်တို့ နေသော လှည်းကူးနှင့် ဘယ်လောက်ဝေးသည် ကို အေးခိုင်မမှန်းဆတတ်ပါ။ အေးခိုင်နှင့် မသိကျွမ်း မခင်မင်ရသေးသည့် သူစိမ်းနှင့် လည်း အေးခိုင်လိုက်မသွားချင်။ သူများ ပြောသမျှ ယုံကြည်

လွယ်တတ်သည့် အမေနှင့် တော့ မလွယ်ရေးချမလွယ်…။

"ဟင့်အင်း အမေ၊ သမီးမလိုက်ချင်ဘူး။ အမေနဲ့ ဈေးလိုက်ရောင်းမယ်၊ သမီးရောင်းတတ်သွားရင် အမေအိမ်မှာ နေပေ့ါ။ အိုးမကွာ အိမ်မကွာအေးအေးလူလူပဲနေချင်တယ်နော်..အမေ"

အမေသက်ပြင်းချသည် ။ အေးခိုင်စကားကြောင့် စိတ်ပျက်ပုံလည်း ရသွားသည် ။

"သမီးကလည်း ကွယ်၊ အမေပြောနေတာ တို့ သားအမိ ကြီးပွားရေး အတွက်မို့ပါ။ အမေကိုယ်တိုင် လိုက်ပို့မှာ ၊ ဟိုကျမှ သမီးအဆင်ပြေမှ အမေပြန်လာမှာ ပါ။ ငွေဆယ်သိန်းရရင် အမေ မြေကွက်လေးတစ်ကွက်ဝယ်ပြီး တဲထိုးနေမယ်။ သမီးမောင်လေးကို ရှင်ပြုပေးမယ်။ ပြီးတော့ အမေ မကြာခဏလာမယ် သမီးရဲ့ "

အမေ့အတွက် မစားရဝ,ခမန်း စိတ်ကူးယဉ်အိပ်မက်နေကာအဆွယ်ကောင်းနေသာ အေးခိုင် စိတ်ပါလာသည် ။ အခုအိမ်နှင့် မြေကွက်လေးသည် အဖေ့ညီဝမ်းကွဲ၏ ခြံ ဖြစ်သည် ။ တစ်လနှစ်ထောင်ပေးပြီး တဲသာသာဆောက်ထားသည် ။ မြေကွက်အကျယ်အဝန်းက ရှိလှမှ ပေသုံးဆယ်ပတ်လည်။ အေးခိုင်တို့ လမ်းအဆုံးတွင် သင်္ချိုင်းရှိသည် ။ ဤမြေကွက်ကို ဦးလေးထွန်းက နှစ်သိန်းဖြင့် ရောင်းမည်ဆိုကာ ဈေးစပ်ဟပ်နေသည် ။ အကယ်၍ အရောင်းအဝယ်ဖြစ်သွားပါက အေးခိုင်တို့ ဖယ် ပေးရတော့မည်။ သည် အရေးကိုမြင်၍ အမေငွေဆယ်သိန်းကို မက်မောတွယ်တာနေခြင်းဖြစ်သည် ။ အေးခိုင်အနေနှင့် လည်း အသက်ဆယ့်နှစ်နှစ်ကျော်နေပြီဖြစ်သည့် မောင်လေးထွန်းထွန်းကို ရှင်ပြုပေးချင်သည် ။ ရွာမှာ စုပေါင်းရှင်ပြုပွဲရှိလျှင် ထည့်မည်ဟု ပြောခဲ့သော်လည်း ယခုတိုင်မထည့်ဖြစ်သေး။ အေးခိုင်၏ ဆန္ဒမှာ အိမ်အတွက်နှင့် မောင်လေးအတွက်

ဟူ၍ အနာဂတ်ကို မျှော်မှန်းပြီးအမေ့ စကားနားထောင်မည်ဟု ဆုံးဖြတ်လိုက်သည် ။

"အဆင်ပြေမယ်ထင်ရင်တော့ အမေ့သဘောပါပဲ။ မောင်လေးကို ဘယ်သူနဲ့ ထားခဲ့မှာ လဲ ဟင် အမေ"

"မင်းဦးလေးအိမ် ခဏ ထားခဲ့မယ်။ သမီးကို မန္တလေးက အထည်ဆိုင်သွားပို့မယ်လို့ ပြောထားမယ်။ အဲဒီအကြောင်းတွေ ဘာမှ လျှောက်မပြောနဲ့ နော်။ လိုသူရှိသလို မလိုသူတွေလည်း ရှိမှာ ။ အောင်မြင်မှ ဖွင့်ပြောမယ်အေ..."

"ဟုတ်ကဲ့ အမေ"

သားအမိနှစ်ယောက် ထိုအချိန်ထိုကာလမှ စ၍ တွက်ရေးကောင်းနေသည့် စက်သူဌေးလောင်းအဖြစ် စိတ်ကူးကမ္ဘာမှာ ကြည်နူးစရာတွေ ပြည့်နှက်ပြန်ပါတော့သည် ။ အမေက အလုံးစုံစီမံကာ မောင်လေးကိုဦးလေးအိမ်မှာ အပ်ပြီး အိမ်တံခါးပိတ်ကာ သားအမိနှစ်ယောက် ရန်ကုန် အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ ထွက်လာခဲ့သည် ။ သူတို့ ရောက်သောအခါ ညနေသုံးနာရီထိုးနေပြီ။ ကားထွက်ချိန်က ညနေလေးနာရီဖြစ်သည် ။

အမေက ဒေါ်နော်ထူးကို ရှာနေသည် ။ ခဏအကြာ ဒေါ်နော်ထူးရောက်လာသည် ။ တစ်ယောက်တည်း မဟုတ်။ အေးခိုင်ထက် အသက်နည်းနည်းပိုကြီးသော မိန်းကလေးတစ်ယောက်လည်း ပါလာသည် ။ ဒေါ်နော်ထူးက မိတ်ဆက်ပေးသည် ။

"အေးခိုင်...ဒါ အဒေါ့်တူမ နီလာဝင်းတဲ့ ။ အသက်က (၁၆)နှစ်ဆိုတော့သမီးထက်ကြီးတာ ပေါ့၊ မမလို့ ခေါ်နော်"

"ဟုတ်ကဲ့ အဒေါ်"

ကားထွက်ခါနီး မိနစ်ပိုင်းအလို ဂိတ်တာဝန်ရှိသူတွေက လိုက်ပါမည့် ခရီးသည် များအား ကားပေါ်တက်နေရာယူခိုင်းသည် ။

ကားပေါ်တက်ခွင့်ရသောအခါ အေးခိုင် တစ်သက်နှင့် တစ်ကိုယ် မစီးဖူးသော ကားဖြစ်၍ ပြတင်းပေါက်ဘက်ကထိုင်ပြီး အမေက အေးခိုင်ဘေးမှာ ထိုင်သည် ။ ဒေါ်နော်ထူးနှင့် မနီလာဝင်းက အေးခိုင်တို့ နောက်ခုံမှာ ထိုင်ကြသည် ။ ကားအတွင်းထဲမှာ အေးစက်နေသဖြင့် အအေးကြိုက်သော အေးခိုင်အတွက် ကျေနပ်နေသည် ။

သူမတို့ စီးသည့် ကားစထွက်ပြီ ဖြစ်၏။ အေးခိုင်အတွက် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသော အမြန်လမ်းမကြီးမှ သွားသဖြင့် မြင်တွေ့သမျှ ရှုခင်းများကို ကြည့်ရသည် မှာ ရုပ်ရှင်ပိတ်ကား ပေါ်မှ မြင်ကွင်းကျယ်ရုပ်ရှင်ကြည့်ရသလို ခံစားရသည် ။ ကားစထွက်ပြီး နေဝင်ရီတရောအချိန်တွင် အေးခိုင် ငိုက်မြည်းစပြု လာပြီး အိပ်ပျော်သွားတော့သည် ။ မည်မျှ အိပ်ပျော်သွားသည် မသိ။

မီးအလင်ရောင်နှင့် အတူ အသံဗလံများကြောင့် အေးခိုင်နိုးလာသည် ။

"သမီး ထ ထ....ထမင်းစားရမယ်တဲ့ ။ ၁၁၅မိုင် ရောက်ပြီဆိုပဲ...."

အေးခိုင် မျက်စိနှစ်လုံးကို ပွတ်သပ်ရင်း လူးထဲထလိုက်သည် ။ ထိန်ထိန်သာနေသည့် မီးအလင်းရောင်၊ ဆိုင်ဝန်ထမ်းများ ၏ ခေါ်သံ၊ ခရီးသည် များ အပေါ့အလေးသွားသူရှိသလို၊ စားသောက်ဆိုင်အတွင်း ဝင်သည့် သူများ လည်း ရှိကြသည် ။ အေးခိုင်တို့ ရေအိမ်သွားပြီး ဒေါ်နော်ထူး ခေါ်ဆောင်ရာ စားသောက်ဆိုင်သို့ဝင်လိုက်သည် ။

"ကဲ...အေးခိုင်တို့ စားစရာမြန်မြန်မှာ ကြ၊ နာရီဝက်ပဲ အချိန်ရတယ်
"

ဒေါ်နော်ထူး ပြောလိုက်သည့် အတွက် စားသောက်ဖွယ်ရာများကို အ လုအယက် မှာ စားကြသည် ။ စားသောက်ပြီးကြသောအခါ ဒေါ်နော်ထူး ကပင် ကျသင့်ငွေကိုရှင်းပြီး ကားပေါ်ပြန်တက်ကြကာ မကြာမီ ကားကြီးလည်း ရှေ့ခရီးဆက်ထွက်သည် ။

ညအမှောင်သည် တဖြည်းဖြည်း အလင်းပျောက်ကာ လမ်းဘေးဝဲ ယာမှာ မှောင်မည်းနေသည် ။ ခပ်လှမ်းလှမ်းရှိ အဆောက်အဦများမှ မီး ရောင်စုံလေးများ တွေ့ရသလို ကားမီးရောင်များ လည်း တွေ့ရတတ်သ ည် ။ ဆာဆာနှင့် စားလိုက်သဖြင့် အေးခိုင်အိပ်ချင်လာပြန်သည် ။ ပါလာ သော ရုပ်အင်္ကျီလက်ရှည်ကိုထပ်ဝတ်ပြီး ကားပေါ်မှ ထားပေးသော စော င်ကိုခြုံကာ ကွေးနေလိုက်သည် ။ လေအေးပေးစက်ကလည်း အစွမ်းကု န်ဖွင့်ထားသဖြင့် သူမလိုပင် အမေလည်း ချမ်းနေပြီး စောင်ခြုံနေသည် ။

တယ်လီဗွီးရှင်းတွင် မြင်တွေ့ရသောနေပြည်တော်ကြီးကို ကြည့်ချင် သော်လည်း အေးခိုင် အိပ်ပျော်သွားခဲ့ရာ နံနက်လေးနာရီခွဲကျောက်မဲ ရောက်မှ နိုးတော့သည် ။ အရှေ့လောကဓာတ်ဆီမှ အရုဏ်နီနီတို့ ပျို့နေပြီ ဖြစ်၏။

"ခရီးသည် များ နာရီဝက်အချိန်ရမယ်။ မျက်နှာသစ်၊ သန့်စင်ခန်းသွားလို့ ရပါတယ်ခင်ဗျာ"

ကားဆရာက အော်ပြောတော့ အန္တရာယ်မအောင့်နိုင်သူများ အပြေး အလွှားတိုးတိုးဝှေ့ဝှေ့ ဆင်းကြသည် ။ အေးခိုင်တို့ လည်း ဒေါ်နော်ထူးဦး ဆောင်ဆင်းပြီး ရေအိမ်ဝင်ကြဖို့ ပိုက်ဆံရှင်းပေးရကာ ရေအိမ်ရှေ့မှာ တန်းစီလိုက်သည် ။ မျက်နှာသစ်သူကသစ်၊ ခရီးသွားလာနေကျ အတွေ့

အကြို ရှိသူ၊ လက်သွက် ခြေသွက်သူများကလည်း တစ်ကိုယ်ရေကိစ္စပြီးသောအခါ စားသောက်ဆိုင်ထဲ ဝင်ထိုင်နေကြပြီ။

"မပုတင်တို့ လာကြ၊ ကော်ဖီသောက်ရအောင်"

ထိုဆိုင်တွင် ကော်ဖီမစ်မှ လွဲပြီး ဘာမှ မရပါ။ ရှမ်းခေါက်ဆွဲလည်း မရသေး၊ ထမင်းဆီဆမ်းလည်း မရသေးဟု ပြောသဖြင့် ဒေါ်နော်ထူးက ပေါင်မုန့်တစ်ထုပ်ဝယ်ပြီး ကော်ဖီမစ်နှင့် အဆာပြေစားကြသည် ။ အေးခိုင်က နံနက်စောစောတွင် ထမင်းကြမ်း၊ ငါးပိထောင်း(သို့မဟုတ်)ပဲပြုတ်နှင့် အဝအပြစားသူမို့ ယခုလို မစို့မပို့စားရချိန် ဗိုက်မပြည့်ဘဲ ခရီးဆက်ထွက်ခဲ့ရသည် ။ အေးခိုင်လည်း ပြန်လည်အိပ်ပျော်သွားပြန်သည် ။ အေးခိုင်နိုးလာသည့် အချိန်သည် နေထွက်နေပြီဖြစ်သည် ။

"အမေ၊ ဒေါ်နော်ထူးပြောတဲ့ ဂုတ်တွင်းဆိုလား၊ အဲဒါမရောက်သေးဘူးလား"

"ဟဲ့ တိုးတိုးပြော၊ သမီး အိပ်နေတာကိုး....ကျော် လာပြီ။ အမေဖြင့် အသည်းအေးစရာ ကောင်းလွန်းလို့ ရင်တွေတောင်တုန်လာတယ်။ အတက်အဆင်းကားတွေနဲ့ အပေါ်ရောက်လိုက် အောက်ရောက်လိုက်နဲ့ သာယာတာတော့အမှန်ပဲ"

"အမေကလည်း နှိုးတာ မဟုတ်ဘူး "

"နှိုးပါတယ်အေ...၊ ညည်းကိုက မထတာ"

နံနက် နေလုံးရဲရဲကြီးပေါ်လာသဖြင့် နေခြည်ထွေးစ နံနက်ခင်း၏ ဆည်းဆာအလှက စိတ်ကြည်နူးဖွယ်ကောင်းလှပါသည် ။ အပြင်ဘက်က ရှုခင်းများကိုကြည့်ရင်း အေးခိုင်စိတ်တွေ ဟိုရောက် ဒီရောက်ဖြစ်လာသည် ။ ရွာများကို ဖြတ်ကျော်လာသဖြင့် ရွာနာမည်လေးများကို

အပြေးအလွှား ဖတ်ကြည့်လာခဲ့သည် ။ ပြီးလျှင် ပြန်လည်အိပ်ပျော်သွားပြန်တော့သည် ။

“ဟဲ့..သမီး လားရှိုးရောက်ပြီ။ ထတော့၊ ဂိတ်ဆုံးပြီ…။ ဆင်းရတော့မယ်တဲ့ ”

အေးခိုင်လည်း ပါလာသည့် ကျောပိုးအိတ်ကိုလွယ်လိုက်သည် ။ ဒေါ်နော်ထူးက လျင်မြန်စွာ ရှေ့မှ ဆင်းလိုက်သည် ။ ပြီးလျှင် ဆလွန်းကားတစ်စီးနားသို့သွားပြီး လူတစ်ယောက်နှင့် စကားပြောနေသည် ။ ခဏကြာမှ အေးခိုင်တို့ ဆီပြန်လာကာ-

“ကဲ…ကားရပြီ၊ ဆိုင်တစ်ဆိုင်ဝင်မယ်….အပေါ့အပါးသွားပြီး မနက်စာစားကြမယ်”

ဒေါ်နော်ထူးခေါ်ရာ နောက်သို့လိုက်ရပြီး မနက်စာစားကြသည် ။ ဒေါ်နော်ထူးက သွားနေကျမို့ ကျွမ်းနေပုံရသည် ။ မကြာခင် ရှမ်းခေါက်ဆွဲ၊ တို့ ဟူးကြော်များ ရောက်လာသဖြင့် စားကြသည် မှာ ခေါင်းပင်မဖော်နိုင်။ လက်ဖက်ရည် လာချပေးသဖြင့် လက်ဖက်ရည် သောက်ကြပြန်သည် ။ မနီလာဝင်းနှင့် ရေအိမ်သွားလည်း တစ်တွဲတွဲဖြစ်၍ နီလာဝင်းနှင့် လည်း ခင်မင်နေပြီ။ နီလာဝင်းက သူ့ပိုက်ဆံအိတ်ထဲမှ ဓာတ်ပုံတစ်ပုံထုတ်ပေးသည် ။ အေးခိုင်မှာ က ဓာတ်ပုံပါမလာ။ လိုင်စင်ဓာတ်ပုံရိုက်လာသဖြင့် ဓာတ်ပုံအသေးတစ်ပုံ ပေးလိုက်သည် ။

“မနီလာ…အေးခိုင်တို့ တစ်ဆိုင်ထဲအတူလုပ်ရမှာ လားဟင်”

“မသိသေးဘူးဟဲ့ တစ်ဆိုင်ထဲဆိုရင် ကောင်းမှာ နော်”

*